KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

ဓာတ်ပုံသတင်း

ဧပြီလ ၁၁ ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ်- 24-1-PS1

# ဓာတ်ပုံသတင်း – မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေမြှုပ်မိုင်းဖြစ်ရပ်များ (၂၀၂၁ခုနှစ်၊ မတ်လမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ)

*ဤဓာတ်ပုံသတင်းသည် ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေမြှုပ်မိုင်းကြောင့် သေဆုံးရသည့် ဓာတ်ပုံအထောက်အထားများကို ဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ KHRG သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရွာသူရွာသားများကို ထိခိုက်စေသည့် မြေမြှုပ်မိုင်းဖြစ်ရပ်အစီရင်ခံစာ (၆၉) ခုကို လက်ခံရရှိထားပြီး ကလေးအပါအဝင် လူ (၂၁) ဦးနှင့်အထက်သေဆုံးပြီး (၆၈) ဦး ဒဏ်ရာရရှိခဲ့သည်။ ဤဓာတ်ပုံသတင်းတွင် ကလေးနှစ်ဦးအပါအဝင် ရွာသား (၁၅) ဦး ထိခိုက်ဒဏ်ရာရစေသည့် ဖြစ်ရပ် (၁၇) ခုမှ ဓာတ်ပုံ (၂၇) ပုံ၊ ကလေးတစ်ဦးအပါအဝင် ရွာသား (၆) ဦးသေဆုံးသွားသော အထောက်အထားများပါဝင်သည်။ ထိခိုက်ဒဏ်ရာရသူ (၁၄) ဦးအနက် (၈) ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် ခြေထောက်ဖြတ်တောက်ခံခဲ့ရသည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှုများသည် အရပ်သားများနှင့်နီးသောဒေသများတွင် မကြာခဏဖြစ်ပွားလေ့ရှိပြီး ကျေးရွာအတွင်းနှင့် ကျေးရွာများအနီးတွင် ဖြစ်ပွားလေ့ရှိသည်။ အရပ်ဘက်ဒေသများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ မြေမြှုပ်မိုင်းအသုံးပြုမှုသည် ရွာသူရွာသားများ၏လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးရွားစွာထိခိုက်စေပြီး ရွာသူ/ရွာသား များသည် မြေမြှုပ်မိုင်းအန္တရာယ်ကို ပိုမိုစိုးရိမ်လာကြသောကြောင့် ၎င်းတို့၏လုံခြုံရေး၊ လွတ်လပ်စွာသွားလာခွင့်နှင့် လယ်ယာမြေလုပ်ကိုင်ခွင့်တို့ကို ထိခိုက်စေသည်။*

**ဓာတ်ပုံသတင်း | ဒေသခံများမှ ကရင်ပြည်နယ်ဟု သတ်မှတ်ထားသော ခရိုင်(၇)ခုအတွင်းရှိ မြေမြှုပ်မိုင်းဖြစ်ပွားမှုများ (၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)**

၂၀၂၁ ခုနှစ်၊ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများကြားတွင် မြေမြှုပ်မိုင်းအသုံးပြုမှုသည်လည်းတိုးများလာသည်။ မြေမြှုပ်မိုင်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)များသာမက မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည်လည်း ၎င်းတို့၏နယ်မြေကိုကာကွယ်ရန်နှင့် ရန်သူများကိုတိုက်ခိုက်ရန် အသုံးပြုကြသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတစ်ဝှမ်းတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများမရှိခြင်းကြောင့် မိုင်းအဟောင်းအပါအဝင် အသစ်များပါ အများအပြားကျန်ရှိနေသည်။ ထို့အပြင် SAC သည် ခွဲခြားဆက်ဆံမှုမရှိဘဲ လက်နက်ကြီးများဖြင့် အရပ်သားများအား တိုက်ရိုက်ပစ်မှတ်ထားပစ်ခတ်လေ့ရှိပါသည်။ ထိုကဲ့သို့ မြေမြှုပ်မိုင်းအသုံးပြုမှုနှင့် ဒေသအနှံ့မြေမြှုပ်မိုင်းများရှိနေခြင်းသည် အရပ်သားများသေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းများဖြစ်ပေါ်စေပြီး ရွာသားများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထိခိုက်စေသည်။

အောက်ဖော်ပြပါ ဓာတ်ပုံ (၂၇) ပုံကို ဒေသအတွင်း လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ကရင်ပြည်နယ်အတွင်းရှိ ခရိုင် (၇) ခရိုင်မှ ရပ်ရွာလူထုများကရိုက်ယူခဲ့ပြီး အခြားဒေသခံရွာသားများကလည်း ၎င်းတို့၏ဓာတ်ပုံများကို KHRG အား ပေးပို့ခဲ့ကြခြင်းဖြစ်သည်။ ခရိုင်များမှာ ဒူးသထူး (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ် လွီထူ (ညောင်လေးပင်)၊ ဘိတ်–ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာနှင့် ဘာအံတို့ဖြစ်ကြသည်။ ဓာတ်ပုံအထောက်အထားများကို အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးအရ လိုအပ်သည့်နေရာများကို ဖုံး၍တည်းဖြတ်ထားပါသည်။

## ၁ ။ ဒူးသထူး (သထုံ)ခရိုင်





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ရရှိခဲ့ပါသည်။ ပုံတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားနှစ်ဦးထိခိုက်ဒဏ်ရာရပုံကို ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့၊ ညနေ (၃း၃၀) မိနစ်ခန့်အချိန်တွင် သထူ (သထုံ)မြို့နယ်၊ ဝင်းရောကျေးနယ်၊ ဂ---ကျေးရွာတွင်နေထိုင်သော အသက် (၃၀) နှစ်အရွယ် နော်က--- နှင့် သူမ၏သမီးဖြစ်သူ အသက် (၁၂) နှစ်အရွယ် နော်ခ--- တို့သည် ဟင်းသီးဟင်းရွက်ရှာဖွေရန် တောထဲသို့သွားစဉ် မြေမြှုပ်မိုင်းတစ်လုံးအားနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်းတို့ သားမိနှစ်ဦးစလုံးထိခိုက်ဒဏ်ရာရခဲ့သည်။ နော်က--- သည် တင်ပါးနှင့် ကျောကုန်းတွင်ဒဏ်ရာရရှိခဲ့ပြီး နော်ခ--- သည် ဝမ်းဗိုက်နှင့် ခြေထောက်တွင်ဒဏ်ရာရခဲ့သည်။ ၎င်းတို့ကို ဃ--ကျေးရွာတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး (KNU) စီမံခန့်ခွဲသော ဆေးခန်းတစ်လုံးတွင် ကုသမှုခံယူစေသည်။ ဤမြေမြှုပ်မိုင်းကို SAC (သို့) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မည်သူမြှုပ်နှံခဲ့သည်ကိုမသိရှိရပါ။ အကြောင်းမှာ အခင်းဖြစ်ပွားသောနေရာသည် SAC နှင့် KNLA တို့နှစ်ဖွဲ့စလုံး လှုပ်ရှားသောနယ်မြေဖြစ်၍ ၎င်းတို့ကြားမကြာခဏ တိုက်ပွဲဖြစ်ပွားသောနယ်မြေလည်းဖြစ်သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ဒေသခံရွာသားတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ပုံများကို ကျိုက်ထိုမြို့နယ်၊ ကရွဲကျေးနယ်၊ င--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံများတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့၌ မြေမြှုပ်မိုင်းနင်းမိသော အသက် (၁၃) နှစ်အရွယ် မောင်စ--- ၏ရုပ်အလောင်းကိုဖော်ပြထားပါသည်။ မြေမြှုပ်မိုင်းမြှုပ်နှံခဲ့သူမှာ SAC ခြေမြန်တပ်ရင်းအမှတ် – ၂၀၇ ၏ လက်အောက်ခံကျေးရွာတွင်နေထိုင်သော ဗျူစောထီးအဖွဲ့ဝင် ရဲဘော်တစ်ဦးဖြစ်သည်။ (ခြေမြန်တပ်ရင်းအမှတ် – ၂၀၇ သည် တပ်မ – ၄၄ ၏ လက်အောက်ခံတပ်ရင်းဖြစ်သည်။) မောင်စ--- သည် ရွာအနီးရှိမျက်ခင်းပြင်တွင်လွတ်ထားသော ၎င်း၏မိသားစုပိုင်နွားများကို သွားကြည့်ချိန်တွင် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲချိန်တွင် ရွာသားများသည် ပုံမှန်ပစ်ခတ်လေ့ရှိသောလက်နက်ကြီးသံနှင့် မသဲကွဲသောကြောင့် မောင်စ--- သည် အရေးပေါ်ကုသခြင်းမခံယူနိုင်ဘဲ ဒဏ်ရာများကြောင့်အခင်းဖြစ်ပွားသောနေရာတွင်သာ ကွယ်လွန်ခဲ့သည်။ မောင်စ---၏မိသားစုဝင်များက ၎င်း၏ရုပ်အလောင်းကိုနောက်တစ်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ပြီး SAC ထံမှမည့်သည့်လျော်ကြေး (သို့) အကူအညီမှမရဘဲ အသုဘအခမ်းအနားကိုစီစဉ်ခဲ့သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*

## ၂။ တောအူး (တောင်ငူ)ခရိုင်





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့၊ ဒေါ်ဖားခို(သံတောင်ကြီး)မြို့နယ်၊ သံမိုးတောင်ကျေးနယ်၊ ဆ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံများသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့ရသော အသက် (၆၈)နှစ်အရွယ် ဒေါ်ခင်ဝင်း၏ရုပ်အလောင်းပုံဖြစ်ပါသည်။ ဒေါ်ခင်ဝင်းသည် အနီးအနားရှိသစ်သားများကိုလိုက်လံစုဆောင်ပြီး ပြန်လာနေစဥ်တွင် မြေမြှုပ်မိုင်းကိုနင်းမိခဲ့သည်။ ဤမြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသည် ဆ--- ကျေးရွာရှိ သံမိုးတောင်လမ်းတွင် ဖြစ်သည်။ သူမ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်ပိုင်းမှစ၍ လုံးဝကွဲထွက်သွားပြီး ညာဘက်ခြေထောက်၊ ဘယ်ဘက်လက်မောင်းနှင့် မျက်နှာတို့တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ အဆိုပါမြေမြှုပ်မိုင်းအား SAC တပ်ဖွဲ့ဝင်များမှ တိုက်ပွဲများဖြစ်ပွားပြီးနောက် မြှုပ်ထားခဲ့ခြင်းဖြစ်သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ဒေါ်ဖားခို မြို့နယ်အတွင်းရှိ ကစ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ဘီးတပ် ကုလားထိုင်ပေါ်၌ ထိုင်နေသော အသက် (၁၃) နှစ်အရွယ် စောစျ--- နှင့် ၎င်း၏အစ်ကို ဖြစ်သူ စောဇ--- တို့ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့၊ ညနေ (၆) နာရီအချိန်တွင် စောစျ--- သည် ည---ကျေးရွာ အနီး၌ရှိသော မြစ်ထဲတွင်ငါးရှာရန်သွားနေစဥ်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးကိုနင်းမိခဲ့သည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာအပြင်းအ ထန်ရရှိခဲ့ပြီး ညာဘက်ခြေထောက် ဖြတ်တောက်ခဲ့ရသည်။ *(ဓာတ်ပုံ– KHRG)*

## ၃ ။ ခလယ်လွီထူ (ညောင်လေးပင်ခရိုင်)





ဤဓာတ်ပုံများကို ၂၀၂၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ ဃဲကားခို့ကျေးနယ်၊ ဋ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ပုံတွင်မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားသောရွာသားနှစ်ဦး၏ပုံဖြစ်ပါသည်။ ၂၀၂၁ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ဋ--- ကျေးရွာ၌ နေထိုင်ကြသော အသက် (၂၄)နှစ်အရွယ် စောဌ--- နှင့် အသက် (၁၉)နှစ်အရွယ် နော်ဍ--- တို့သည် ၎င်းတို့၏ဈေးဆိုင်အတွက် လယ်ဒိုမြို့သို့ဆိုင်ကယ်ဖြင့် ပစ္စည်းသွားဝယ်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုကိုကြုံခဲ့ရသည်။ ထိုမြေမြှုပ်မိုင်း ပေါက်ကွဲမှုတွင် ၎င်းတို့နှစ်ဦးစလုံး တစ်ပြိုင်တည်းသေဆုံးခဲ့သည်။ အခြားဆိုင်ကယ်တစ်စီးနှင့်လိုက်ပါလာသော အသက် (၁၈)နှစ်အရွယ်ရွာသား တစ်ဦးဖြစ်သူ စောရ--- သည်လည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင်ရရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် မူးမြို့နယ်၊ ပေါ်ပီဒဲကျေးနယ်၊ တ---ကျေးရွာတွင် နေထိုင်သော စောဏ---သည် ၎င်း၏ကွမ်းသီးခြံထဲသို့မြက်ခုတ်ရန်သွားနေစဉ် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့သည်။ စောဏ---သည် ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားပြီးနောက် မူးမြို့နယ်၊ ဖြူးမြို့ရှိဆေးရုံတစ်လုံးသို့ ပို့ဆောင်ခဲ့သည်။ ဤမြေမြှုပ်မိုင်းကို တပ်မဟာ (၃)မှ KNLA တပ်ရင်း – ၈၊ တပ်ခွဲ – ၃ တို့က တ---ကျေးရွာတွင်မြှုပ်နှံခဲ့သည်။ ဤဓာတ်ပုံများတွင် စောဏ--- သည် မြေမြှုပ်မိုင်းနင်းမိပြီးမကြာမီ ဒဏ်ရာရရှိသွားသောအခြေအနေကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဒေသခံကျန်းမာရေး ဝန်ထမ်းတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ဤပုံတွင် အသက် ၄၅ နှစ်အရွယ်ရှိ စောထ---သည် မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ရရှိခဲ့သောဒဏ်ရာကို ဆေးကုသမှုခံယူနေသောပုံကိုဖော်ပြထားပါသည်။ ၎င်းသည် လောမာတော ဆေးရုံတွင် ကရင်ကျန်းမာရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနမှ ဆေးကုသပေးမှုကို လက်ခံရရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ မနက် ၆း၃၀မိနစ်အချိန်တွင် လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ သမြင့်အေးကုန်းအုပ်စု၊ ဒ---ကျေးရွာတွင် နေထိုင်သော စောထ---သည် ခ----ကျေးရွာသို့အလယ်သွားနေစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ၎င်း၏ဘယ်ဘက်ခြေထောက်ကို ဖြတ်တောက်ခဲ့လိုက်ရပြီး ညာဘက်ခြေထောက်တွင်လည်း ဒဏ်ရာရရှိခဲ့သည်။ စောထ----တွင် ဇနီးနှင့် ကလေးငါးယောက်ရှိပါ သည်။ ဤမြေမြှုပ်မိုင်းကို KNLA မှထောင်ထားခဲ့သည်။ *(ဓာတ်ပုံ– KDHW)*

## ၄ ။ ဘိတ်–ထားဝယ်ခရိုင်




ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့ တွင်ရိုက်ကူးခဲ့ပါသည်။ ဤပုံသည် လယ်ကဆောမြို့နယ်၊ ဆာသိမ်းအုပ်စု၊ ပ---ကျေးရွာတွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် စောန---သည် မြေမြှုပ်မိုင်းကြောင့် ရရှိခဲ့သောဒဏ်ရာများကို ဆေးရုံတွင် ဆေးကုသမှုကိုခံယူနေသည့်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လယ်ကဆောမြို့နယ်၌ စစ်ကြောင်းထိုးနေသော KNLA စစ်သားများသည် ဆေးပညာ ဗဟုသုတအနည်းငယ်ရှိသော စောန---ကို ခေါ်ဆောင်သွားခဲ့ပါသည်။ စစ်ကြောင်းထိုးနေစဉ် စောန---သည် ကော်သူးလေးစစ်တပ် KTLA ၏စနိုက်ပါတိုက်ခိုက်သောကြောင့် သေဆုံးခဲ့ရသော KNLA စစ်သားများ၏အလောင်းများကို KNU ခရိုင်ရုံးသို့ ကူညီပို့ဆောင်ပေးနေစဉ်၊ စောန---သည် ကစယ်ဒိုမြို့နယ်၊ ဆက်ဖြူသိမ်းအုပ်စု၊ ရင်းခက်တောင်နေရာတွင် မြေမြှုပ်မိုင်ကို နင်းမိခဲ့သောကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ ၎င်းကို ထိုင်းနိုင်ငံ၊က---မြို့သို့ ဆေးကုသမှုခံယူရန်ပို့ဆောင်ခဲ့သည်။ ၎င်း၏ဘယ်ဘက်ခြေထောက်သည် ဒဏ်ရာပြင်းထန်သောကြောင့် ဖြတ်လိုက်ရသည်။ *(ဓာတ်ပုံ– KHRG)*

## ၅ ။ မူတြော်ခရိုင်










ဤဓာတ်ပုံများသည် ဒွဲလိုမြို့နယ်၊ အာနှောင်ပတ်ခန်းအုပ်စု၊ မ---ကျေးရွာတွင်နေထိုင်သော ရွာသားနှစ်ဦး ဗ--- (၃၂ နှစ်) နှင့် ခ--- (၅၅နှစ်) သည် ရွာနားတွင်မြေမြှုပ်မိုင်းနင်မိပြီးနောက် ဆေးကုသမှုခံယူနေသည့်ပုံများဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ရက်နေ့တွင် ဗ---သည် ၎င်း၏တောင်ခြံမှ အိမ်သို့အပြန်လမ်းတွင် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ထိုနည်းတူ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ရက်နေ့တွင် ခ---သည် သူမ၏ရွာအပြင်၌ မှိုကောက်နေစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ အထက်နှစ်ပုံသည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ ခ---သည် မော်လမြိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့်ပုံဖြစ်သည်။ အောက်နှစ်ပုံသည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ဗ---သည် ဖားအံခရိုင်ပြည်သူ့ဆေးရုံတွင်ဆေးကုသမှုကိုခံယူနေသည့်ပုံဖြစ်သည်။ အမှုနှစ်ခုတွင် ဒဏ်ရာရသူနှစ်ဦးသည် ညာဘက်ခြေ ထောက်သည် ဒဏ်ရာပြင်းထန်လွန်းသောကြောင့် ဖြတ်လိုက်ရသည်။ မည်သည့်လက်နက်ကိုင်စစ်တပ်က ဤမြေမြှုပ်မိုင်းနှစ်လုံးကို မြှုပ်သွားခဲ့သည်ကိုရွာသားများမသိကြပါ။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤပုံကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၌ ဘူးသိုမြို့နယ်၊ မဲက လောအုပ်စု၊ ယ---ကျေးရွာတွင် ရိုက်ကူးခဲ့သည်။ ဤပုံသည် အသက် ၅၅ နှစ်အရွယ်ရှိ စောကက---သည် မြေမြှုပ်မိုင်းထိမှန်ပြီး ဒဏ်ရာပြင်းပြင်းထန်ထန်ရသည်ကိုဖော်ပြသည်။ စောကက---သည် မိသားစုစားဝတ်နေရေးအတွက် ကြောင်ရှာသီးကိုခူးနေစဉ် ၎င်းသည် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် သူ၏ခြေနှစ်ဖက်စလုံး ပြင်းထန်စွာဒဏ်ရာ ရရှိခဲ့သည်။ ၎င်းအား ဖာပွန်မြို့ရှိ ဗျူဟာဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ဆေးရုံသို့ရောက်ရောက်ချင်းတွင် ဆေးကုသမှုကိုမခံယူရသေးဘဲ သေဆုံးသွားခဲ့သည်။
*(ဓာတ်ပုံ- ဒေသခံရွာသား)*




ဤပုံကို ၂၀၂၂ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ရိုက်ကူးခဲ့သည်။ ဤပုံသည် လူသောမြို့နယ်၊ လယ်မူပလောအုပ်စု၊ ကဂ---ကျေးရွာတွင်နေထိုင်သော အသက် ၅၈ နှစ်အရွယ်ရှိ စောကခ---၏ ပုံဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့ နံနက် ၆:၀၀ အချိန်တွင် စောကခ---သည် ၎င်း ၏တောင်ယာသို့သွားနေစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းကို ခမရ အမှတ် ၃၇ စစ်သားများမှ ထောင်းထားခဲ့သည်။ စောကခ---သည် လွန်ခဲ့သော ၂၀၁၁ ခုနှစ်တွင် မြေမြှုပ်မိုင်းပေါက် ကွဲမှုကြောင့် ၎င်း၏ညာဖက်ခြေတောက်ကို ဆုံးရှုံးခဲ့ရသည်။ ဤဒုတိယအကြိမ်တွင် ၎င်းသည် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။ ဤအကြိမ်တွင်လည်း ၎င်း၏ယခင်က ထိခိုက်ဒဏ် ရာရရှိခဲ့သော ခြေထောက်တစ်ဖက်ထဲကိုသာပြန်လည်ထိမှန်ခဲ့သည်။ ၎င်း၏ခြေကိုဖြတ် တောက်ခဲ့ပြီး လက်မောင်းတွင်ဒဏ်ရာအနည်း ငယ်ရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ၎င်း၏ခြေအတုပျက်စီးသွားခဲ့သည်။ ယခုအချိန်တွင် ၎င်း၏ဒဏ်ရာကြောင့် ၎င်းသည် စားဝတ်နေရေးအတွက် အခက်အခဲနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၎င်းသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူတို့ကို ကူညီသောအဖွဲ့အစည်းများ အထူးသဖြင့် ခြေအတုကိုကူညီပေးသောအဖွဲ့အစည်းများမှ အထောက်အပံ့လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။ ဤဓာတ်ပုံသည် စောကခ---- မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရရှိခဲ့သောဒဏ် ရာများ ဆေးခန်းတွင် ပြန်လည်ကောင်းမွန်လာကြောင်းကိုဖေါ်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် လက်ခံရရှိခဲ့သည်။ ဒွယ်လိုးမြို့နယ်၊ မယ်ဝေအုပ်စု၊ ကဇ---ကျေးရွာတွင်နေထိုင်သော အသက် ၄၃ နှစ် အရွယ်ရှိ စောကဆ---နှင့်သူ၏မိသားစုသည် မယ်ဝေအုပ်စု၊ ကဈ---ကျေးရွာသို့ ပြောင်းရွှေ့သွားခဲ့ရသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၇ ရက်နေ့ မနက် ၁၀ နာရီတွင် စောကဆ--- နှင့် သူ၏သားနှစ်ယောက်တို့သည် ၎င်းတို့ကျေးရွာတွင် အစားအစာများ သွားယူနေစဉ် စောကဆ--- နှင့် သူ၏သား အသက် ၁၈ နှစ်အရွယ်ရှိ စောကည---သည် မြေမြှုပ်မိုင်းကို ကဇ---ကျေးရွာနှင့်နီးသောနေရာတွင် နင်းမိခဲ့ပါသည်။ စောကဆ---၏ ညာခြေထောက်သည် ပွင့်ထွက်သွားခဲ့ပြီး ၎င်း၏သားသည် ထိုနေရာတွင်ပင် အသက်ဆုံးရှုံးခဲ့ရသည်။ စောကဆ---သည် လဲထူးဖိုးဆေးရုံတွင် ၎င်း၏ခြေထောက်ဒဏ်ရာအား ဆေးကုသမှုခံယူခဲ့ပါသည်။ မြေမြှုပ်မိုင်းများကို KNLA တပ်ရင်း ၁၀၂ မှ ထောင်ထားခဲ့ပါသည်။ KNU မှ ရွာသားများကို ဤအကြောင်းပြောပြခဲ့သော်လည်း စောကဆ---နှင့် ၎င်း၏သားတို့သည် မြေမြှုပ်မိုင်းကို ထိုနေရာတွင် သတိမထားမိခဲ့ပါ။ လက်ဝဲမှပုံသည် စောကည--- ပုံဖြစ်ပြီး လက်ယာမှပုံသည် စောကဆ---၏ ပုံဖြစ် သည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*




ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရိုက်ကူးခဲ့ပါသည်။ ဤပုံသည် စောကဃ----သည် လူသောမြို့နယ်၊ လယ်မူပလောအုပ်စု၊ ကင---ဆေးခန်းတွင် ဆေးကုသမှုကိုခံယူနေသည့် ပုံကိုဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက် ၉း၄၅ အချိန်တွင် လယ်မူပလောအုပ်စု၊ ကစ---ကျေးရွာ၏ရွာသားတစ်ဦးဖြစ်သူ စောကဃ---သည် လုကာဘဲခီးဒေသရှိ ၎င်း၏လယ်ကိုပြန်လည်ကြည့်ရှုရန် သွားနေစဉ် မြေမြှုပ်မိုင်းကို နင်းမိခဲ့ပါသည်။ ၎င်း၏ ဘယ်ခြေထောက် ခြေသလုံးမှ အောက်ပိုင်းတစ်ခုလုံးသည် မြေမြှုပ်မိုင်းပေါက်ကွဲထိမှန်မှုကြောင့် ကွဲအက်ကြေမွခဲ့ပါသည်။ ၎င်းကို ကင---ဆေး ခန်းသို့ ဆေးကုသမှုခံယူရန် ချက်ချင်းပို့ ဆောင်ခဲ့ပါသည်။ ထိုမြေမြှုပ်မိုင်းကို စစ်ကောင်စီစစ်သားအမည်မသိသော တပ်ရင်းမှ ထောင်ထားခဲ့ပါသည်။ ၎င်းသည် အိမ်ထောင်သည်ဖြစ်ပြီး သားနှစ်ဦးရှိပါသည်။ လက်ရှိတွင် ၎င်းရရှိခဲ့သောဒဏ်ရာကြောင့် မိသားစု စားဝတ်နေရေးအတွက်အခက်အခဲစိန်ခေါ်မှုများနှင့် တွေ့ကြုံရင်ဆိုင်နေရပါသည်။ *(ဓာတ်ပုံ– KHRG)*

## ၆ ။ ဒူးပလာယာခရိုင်







ဤဓာတ်ပုံသုံးပုံကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရိုက်ကူးခဲ့ပါသည်။ ဤပုံများသည် ကော်တရီ(ကော့ကရိတ်) မြို့နယ်၊ မော်ခီးအုပ်စု၊ ကဈ---ကျေးရွာတွင် ကြိုးမိုင်းကြောင့် ရရှိခဲ့သော ကဋ္ဌ--- ၏ ဒဏ်ရာများကို ဖော်ပြ ထားပါသည်။ ပထမဆုံးပုံ နှစ်ပုံသည် ၎င်း၏ ဘယ်နားရွက် နှင့် ဘယ်ခြေထောက်၏ဒဏ်ရာများကိုဖော်ပြပါသည်။ နောက်ဆုံးပုံမှာ ၎င်း၏နောက်ကြောတွင် ရရှိခဲ့သော ဒဏ်ရာများဖြစ်သည်။ ဤကြိုး မိုင်းကို အောင်မင်္ဂလာစစ်တပ်မှ ထောင်ထားသည်ဟု ရွာသားများ ကထင်မှတ်ခဲ့ကြသည်။ ကဋ္ဌ--- သည် စစ်တပ်နှင့်နီးသော နေရာတွင် မီးသွေးသွားလုပ်နေပါသည်။ ၎င်း၏အိမ်သို့ ထင်း များကိုအဆိုပါ တပ်စခန်းနှင့်မဝေးသော တောမှကောက်လာ ပြီးနောက် ၎င်းကို ကော်တရီမြို့၊ ဝေါလေးမြို့ရှိ ဝေါခေးစခန်းသို့ ပို့ဆောင်ခဲ့သည်။ ထိုနေရာတွင် လေးရက်ဆေးကုသမှုခံယူခဲ့သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*



*ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၌ ဒူးပလာယာ* ခရိုင်၊ ကော်တရီမြို့နယ်၊ ထော်ဝါးလော်ကျေးရွာအုပ်စု၊ ဘ---ကျေးရွာ တွင်ရိုက်ယူခဲ့ပါသည်။ ပုံတွင် ကျိုက်ဒုံမြို့ရှိ ရွာသား မောင်အ---မှ မြေမြှုပ်မိုင်းပေါက်ကွဲမှုပြီးနောက် ၎င်း၏ညာဘက်ခြေ ထောက်ကို ဖြတ်လိုက်၍သည့်ပုံဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင် ဘာလ ၇ ရက်နေ့တွင် မောင်အ---သည် ကျိုက်ဒုံမြို့ရှိ ၎င်း၏အိမ်ပြန်ကြည့်ရန် ပြန်လာသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် SAC ခြေမြန် တပ်ရင်းအမှတ်–၅၅၈ မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ၎င်း၏မြို့မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ မြေမြှုပ်မိုင်းနင်းမိပြီးနောက် ၎င်းကို ထိုင်းနိုင်ငံ၊ ယ---ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။ ဤမြေမြှုပ်မိုင်းကို SAC ခြေမြန် တပ်ရင်းအမှတ်– ၅၅၈ တို့မှမြှုပ်နှံခဲ့သည်ဟု ဒေသခံရွာသားများကယုံကြည်ကြသည်။ *(ဓာတ်ပုံ– KHRG)*

## ၇ ။ ဘားအံခရိုင်



ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့၌ တာကရယ် (ပိုင်ကျုံ)မြို့နယ်၊ ကတ---အုပ်စု၊ ကဏ---ဆေးရုံတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံသည် တနေးဆါး(နဘူး)မြို့နယ်၊ ရောကူအုပ်စု၊ ကဒ---ကျေးရွာတွင်နေထိုင်သော စောကထ---, အသက် ၄၁ နှစ်အရွယ်သည် ဆေးကုသမှုခံယူနေသည့်ပုံဖြစ် သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် ညနေ ၂ နာရီတွင် ၎င်းသည် စွန့်ပယ်ထားသော DKBA စစ်တပ်အနီးအနားတွင် ထောင်ထားသော မြေမြှုပ်မိုင်းကို တောသို့ဟင်းသီး ဟင်းရွက်များ ခူးယူရန်သွားနေစဉ် နင်းမိခဲ့ပါသည်။ ၎င်း၏ညာဘက်ခြေထောက်သည် ပေါက်ကွဲမှုကြောင့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းသည် တာကရယ်မြို့နယ်၊ ပီးတခ---အုပ်စု၊ ကဏ---ဆေးရုံးတွင် ဆေးကုသမှုခံယူခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

**၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများ နှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။**